# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 6, 2022 Volume 50, Number 3


## ဒုတိယအကြိမ်မြောက် ခူးဆွတ်ရာသီချိန်အတွင်း ဝှေးချိုသီးဈေးကွက်ထူးခြားကောင်းမွန်နေ



တစ်နှစ်တာ၏ ဒုတိယအကြိမ်မြောက် ခူးဆွတ်ရာသီချိန်အတွင်း ဝှေးချိုသီးဈေးကွက်ထူးခြားကောင်းမွန်နေကြောင်း ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်နေသူများထံမှ သိရသည်။ "ဝှေးချိုသီးတွေကို အများအားဖြင့်ဆိုရင် ဩဂုတ်လမှာ တစ်ကြိမ်၊ ဒီဇင်ဘာလလယ်မှာ တစ်ကြိမ်၊ တစ်နှစ်ကို ၂ ကြိမ်လောက် ခူးဆွတ် ရောင်းချကြပါတယ်။ ကျွန်တော်တို့ ပထမအကြိမ်(ဩဂုတ်လ) ခူးဆွတ်ရောင်းချခဲ့တုန်းက ဈေးနှုန်းနဲ့ အခုရနေတဲ့ဈေးနှုန်းနဲ့က အဆမတန်ကို ကွာခြားနေပါတယ်။ အခုကာလက ဈေးကောင်းအရဆုံးအချိန်လို့တောင် ပြောလို့ရပါတယ်။ ဩဂုတ်လတုန်းကဆို ဝယ်မယ့်လူမရှိလို့ ဈေးကွက်လိုက်ရှာခဲ့ရတယ်။ တချို့အသီးတွေဆို အပင်ပေါ်တင် မှည့်ကုန်တယ်။ အခုတော့ ကုန်သည်ပွဲစားတွေက ခြံအရောက် ဆင်းဝယ်နေကြပါတယ်"ဟု နေပြည်တော်၊ ပျဉ်းမနား မြို့နယ်၊ ရွာကောက်ရပ်၊ ပေါင်းလောင်း(၂)ရပ်ကွက်မှ ဝှေးချိုသီးပင်စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်သူ ဦးမောင်မောင်ဦးကပြောသည်။

ဝှေးချိုပင်သည် နှစ်ရှည်အမျိုးအစားဖြစ်ပြီး၊ စိုက်ပျိုးပြီး ၃ နှစ်သားမှ ၅ နှစ်သားအရွယ်အတွင်းစတင်၍ နေ့စဉ်ဝင်ငွေ စတင်ရရှိနိုင်ကြောင်း သိရသည်။ "ဝှေးချိုသီးက စိုက်ပျိုးပြီး သုံးနှစ်မှာ အသီးစသီးတယ်ဗျ။ ဝှေးချိုသီးဈေးကောင်းရတဲ့ ကာလမျိုးမှာဆိုရင် သုံးနှစ်သားအရွယ်မှာ နေ့စဉ်ဝင်ငွေ အနည်းအကျဉ်းစရနိုင်ပြီး၊ အပင်သက်ငါးနှစ်မှာတော့ နေ့စဉ်ဝင်ငွေ ငါးသောင်းဖိုးကနေ၊ တစ်သိန်းဖိုးအထိရနိုင်ပါတယ်။ ဝှေးချိုမျိုးတွေဟာ နှစ်ရှည်ပင်အမျိုးအစားပါ။ တခြားသီးနှံတွေလို ပင်ပင်ပန်းပန်းမပြုစုရ၊ ဓာတ်မြေဩဇာတွေ မကျွေးရပါဘူး။ အပင်သက်တမ်းကတော့ အနှစ် ၃၀ လောက်ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ ဩဂုတ်လဝန်းကျင်က ဝှေးချိုသီး ၂ တင်းခွဲဝင် တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀ ဝန်းကျင်သာ ပေါက်ဈေးရှိခဲ့သော်လည်း၊ လက်ရှိဈေးကွက်အတွင်း ဝှေးချိုသီး ၂ တင်းခွဲဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ ဝန်းကျင် ပေါက်ဈေးရှိနေသည်။

**Source:** https://greenwaymyanmar.com/posts/ambarella_market_is_rising

၆.၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၀၃ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၂၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၂၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၀.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၇.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၀၅.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၄.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၈.၉၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၀၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၁၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၂.၈၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၁၄၆ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## အင်းလေးခရမ်းချဉ်သီး ရာသီကုန်ချိန်အထိ ဈေးကောင်းထိန်းထားနိုင်ပြီး နောက်တစ်ရာသီအတွက် ထပ်မံစိုက်ပျိုးနေကြောင်းသိရ

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်ရှိ အင်းလေးခရမ်းချဉ်သီးမှာ ရာသီကုန်ချိန်အထိ ဈေးကောင်းထိန်းထားနိုင်ပြီးနောက် တစ်ရာသီအတွက် အနည်းငယ်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း ဇန်နဝါရီ ၅ ရက်တွင် ခရမ်းချဉ်စိုက်တောင်သူများထံမှ သိရသည်။ အင်းလေးခရမ်းချဉ်သီးဈေးနှုန်းသည် ၂၀၂၂ ခုနှစ် အစောပိုင်းရောက်ချိန်အထိ (အလုံးကြီး) တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ကျော်မှ ၄၀၀၀၀ အတွင်း ဈေးကောင်းရနေပြီး အလုံးငယ်တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ကျော် ၃၀၀၀၀ ခန့် ပေါက်ဈေးရှိသဖြင့် ဈေးကောင်းကို ထိန်းထားနိုင်သေးကြောင်း ညောင်ရွှေမြို့မှ ခရမ်းချဉ်သီးစိုက်ပျိုးထုတ်လုပ်သူများ၊ တင်ပို့ ရောင်းချသူများထံမှသိရသည်။

ဆောင်းတွင်းကာလ အသီးရှားရာသီဖြစ်သဖြင့် အခြားဒေသထွက်သီးနှံများ မထွက်သဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်၍ စံချိန်တင်ဈေးကောင်းရရှိခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီလကုန်အထိ ဈေးကောင်းထိန်းထားနိုင်မည်ဟု မျှော်လင့်ရကြောင်း ခရမ်းချဉ်သီးကုန်စည်ဒိုင်အသင်းထံမှသိရသည်။ "ခရမ်းချဉ်သီးဈေးက တစ်တင်း ၃၈၀၀၀ တဲ့။ ဈေးတန်းနေတယ်။ တက်လိုက်ကျလိုက်ပေါ့။ အကြီးက ၃၈၀၀၀၊ အသေးကတော့ ၂၅၀၀၀ အစားစားပေါ့။ ဈေးကောင်းနေတုန်းပဲ။ အသီးသေးတွေပဲ ကျန်တယ်။ ၂၅၀၀၀ ကနေ ၃၀၀၀၀ ပေါ့။ အကြီးစား စပါယ်ရှယ်ကတော့ ၃၀၀၀၀ ကျော်တယ်။ လကုန်လောက်အထိ ဆက်သွားမယ်ထင်တယ်။ ဘယ်နယ်မှ မရှိဘူးလေ။ ခါတိုင်းတော့ အဝေးပို့နိုင်ပေမယ့် အခုတော့ တခြားနယ်တွေကလည်း နယ်စားပဲထွက်တာကိုး။ ဒီထက်မတက်ရင်တောင် ဒီအောက်မကျတော့ဘူးလို့ထင်တာပဲ။ စိုက်ကြတဲ့ တောင်သူတွေကလည်းနည်းတယ်။ စိုက်ကြတာနည်းနည်းတော့ စောတာပေါ့။ မတတ်နိုင်တဲ့သူက မစိုက်နိုင်ကြဘူး" ဟု ညောင်ရွှေမြို့ ခရမ်းချဉ်သီးကုန်စည်ဒိုင်မှ ဦးစိုးမြင့်သောင်းကဆိုသည်။

အင်းလေးဒေသထွက် ခရမ်းချဉ်သီးဈေးနှုန်းသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စံချိန်တင်ဈေးရရှိခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာလ လလယ်ခန့်တွင် တစ်တင်းလျှင် ကျပ် ၅၂၀၀၀၊ ၅၃၀၀၀ အထိ စံချိန်တင်အမြင့်ဆုံးဈေးရရှိခဲ့ခြင်း ဖြစ်သည်။ အဆိုပါစံချိန်တင်ဈေးနှုန်းရရှိပြီးနောက်ပိုင်းတွင် ဈေးတက်လိုက်ကျလိုက်ဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ အစောပိုင်းကာလအထိ တစ်တင်းလျှင် ၃၀၀၀၀ ကျော်မှ ၄၀၀၀၀ အထိ ဈေးတန်းနေသေးကြောင်းသိရသည်။ "အခြေအနေ နည်းနည်းအေးသွားတယ်။ ဈေးကျသွားတာ အကြီးက တစ်ပိဿာ ၁၆၀၀ တဲ့။ အသေးက တစ်ပိဿာ ၁၄၀၀ တဲ့။ တစ်တင်းဆိုရင် အစိမ်းဈေး ၃၀၀၀၀ ပတ်ချာလည်လောက်ပဲ ကျန်တော့တယ်။ ၁၀၀၀ ဈေး ပတ်ချာလည်လောက်ပေါ့။ အစိမ်းကလည်း ထပ်အေးဦးမယ်နဲ့တူတယ်။ သူ့နယ်ကိုယ့်နယ် နယ်စားတွေထွက်နေတော့ အရောင်းသိပ်မသွက်ဘူးဖြစ်နေတယ်။ ပင်ကျသီးတွေဖြစ်သွားပြီ။ အလုံးသိပ်မလှတော့ဘူး။ ခူးပတ်ရေများသွားတော့ အလုံးသိပ်မလှတော့ဘူးလေ။ ရောင်းတော့ရောင်းတုန်းပဲ ဝယ်လက်အေးသွားတယ်။ မများတော့ဘူး။ ၃၀၀၀၀ ကနေ ဆက်ကျဦးမယ့်အနေအထားပဲ။ ဝယ်လက်များမှ ဈေးပြန်မြောက်မှာ အခုက ဝယ်လက်မရှိသလောက်ကိုဖြစ်သွားတာ။ အခုက မျိုးချသူတွေချနေကြပြီ။ နည်းနည်းပါးပါးလောက်ပဲ ပြန်ချသေးတယ်။ အင်းသီးက သုံးလပိုင်းလောက်ဆိုရင် ပြတ်သွားမယ်ထင်တယ်။ လေးလပိုင်းဆိုရင် အသစ်ပြန်စတော့မယ်" ဟု မိုင်းသောက်ကျေးရွာမှ ကုန်သည်ဦးကျော်လွင်က ပြောကြားသည်။

အင်းလေးကန်အတွင်း ခရမ်းချဉ်သီးကျွန်းမျောစိုက်ခင်းများ အနည်းငယ်မျိုးစေ့ချနေသူများလည်းရှိကြပြီး မတ်လတွင် ရာသီကုန်မည်ဖြစ်သဖြင့် ဧပြီလခန့်တွင် နောက်ထပ်တစ်ရာသီအတွက် ပြန်လည်စတင်မည်ဖြစ်ကြောင်း ခရမ်းချဉ်စိုက်တောင်သူများထံမှ သိရသည်။

**Source:** https://news-eleven.com/article/223337

## ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများကို ငါးသားပေါက်ရာသီအဖြစ် ပြန်လည်သတ်မှတ်ပေးရန် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်က တင်ပြထားကြောင်းသိရ



လာမည့်ငါးသားပေါက်ရာသီကို ဇွန်၊ ဇူလိုင်၊ ဩဂုတ်များအဖြစ် ပြန်လည် သတ်မှတ်ပေးရန် ရေလုပ်ငန်းရှင်များ၏ ဆန္ဒအတိုင်းတင်ပြထားကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ငါးသားပေါက်ရာသီ သတ်မှတ်မှုကို မေ၊ ဇွန်နှင့်ဇူလိုင်လများအဖြစ် သတ်မှတ်ထားပြီး ယခု ၂၀၂၂ ခုနှစ်တွင် ငါးသားပေါက်ရာသီမှာ ဧပြီ၊ မေနှင့်ဇွန်လများအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်းသိရသည်။ တစ်နှစ်လျှင် တစ်လစီ အရှေ့စောပိတ်သွားမည့်အစီအစဉ်မှာ ရေလုပ်ငန်းသဘောသဘာဝအရရော၊ ရေလုပ်သားများအတွက် ပင်လယ်ပြင်လုံခြုံရေးအတွက်ပါ ထိခိုက်မည့်အနေထားရှိနေသည့်အတွက် ငါးလုပ်ငန်းအဖွဲ့အချုပ်က နေပြည်တော်ရှိ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြထားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ပြီးခဲ့တဲ့လက ငါးလုပ်ငန်းဦးစီးဌာနအစည်းအဝေးလုပ်ခဲ့တော့ တိုင်းငါးလုပ်ငန်းဦးစီးဌာနက မေးမြန်းလာတာရှိတယ်။ အဖွဲ့ချုပ်အနေနဲ့ တင်ပြစရာရှိရင်ပြောဆိုလို့ ကျွန်တော်တို့က ငါးလုပ်ငန်းရှင်တွေကို အစည်းအဝေးခေါ်ယူခဲ့တယ်။ လှေရှင်တွေ ဆန္ဒကတော့ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လကို ငါးသားပေါက်ရာသီအဖြစ် သတ်မှတ်ပေးစေချင်တယ်။ ငါးလုပ်ငန်းဦးစီးဌာနမှာတော့ တစ်နှစ်ကို တစ်လစော ပိတ်ထားတာမျိုးရှိတယ်။ ဒီနှစ်မှာ ဧပြီ၊ မေ၊ ဇွန်လဖြစ်မှာပေါ့။ ဒီလိုငါးဖမ်းရာသီပိတ်တာကို ပညာရှင်တွေ ထောက်ပြထားတဲ့အတိုင်း သတ်မှတ်ထားတာပါ။ လှေရှင်တွေနဲ့ဆွေးနွေးပြီးတော့ ဇွန်၊ ဇူလိုင်၊ ဩဂုတ်သတ်မှတ်ပေးဖို့တင်ပြလိုက်ပါတယ်။ ကင်းမွန်လုပ်ငန်းရှင်များအသင်းကလည်း ရှေ့တစ်လစောပိတ်သွားရင် လုပ်ငန်းမှာ အခက်အခဲဖြစ်သွားမယ်လို့ တင်ပြထားတာရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ အားလုံးရဲ့ဆန္ဒအတိုင်းလာမယ့် ငါးသားပေါက်ရာသီကို ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအဖြစ် သတ်မှတ်ပေးနိုင်ရေး တင်ပြလိုက်တာပါ" ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်စိုးကပြောကြားသည်။

ငါးသားပေါက်ရာသီကို ယခင်နှစ်များက သတ်မှတ်ထားခဲ့သည့်အတိုင်း ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်များအဖြစ် သတ်မှတ်ပေးပါက ရေလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရှိမည်ဖြစ်ကြောင်းသိရသည်။ "တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ငါးဖမ်းလှေကြီးတွေမှာ လုပ်ကိုင်နေတဲ့ ရေလုပ်သားအများစုက ထားဝယ်ဘက်များပါတယ်။ မိုးရာသီရောက်လို့ ငါးဖမ်းခွင့်ပိတ်လိုက်ရင် နေရပ်ကိုပြန်ပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်ကြတယ်။ ပွင့်လင်းရာသီမှာ ငါးဖမ်းလုပ်ငန်းကို ပြန်ဝင်ကြတယ်။ အဲဒီအတွက် ရေလုပ်သားတွေအနေနဲ့ အလုပ်လက်မဲ့မဖြစ်တော့ဘူး။ နွေရာသီမှာ ငါးဖမ်းတာရပ်နားပြီး မိုးရာသီမှာ ငါးဖမ်းရမယ်ဆိုရင်တော့ ပင်လယ်ထဲမှာ လှိုင်းလေဒဏ်ကိုခံရပြီး ရေလုပ်သားတွေအတွက်လည်း အသက်အန္တရာယ်ရှိနိုင်တယ်။ နွေရာသီမှာ လုပ်ငန်းရပ်နားရမယ်ဆိုရင် လယ်ယာလုပ်ငန်းခွင်လည်း မလုပ်နိုင်ဘူး။ ရေလုပ်သားတွေ အလုပ်လက်မဲ့ဖြစ်ပြီး မရောက်သင့်တဲ့ နေရာတွေကို ရောက်သွားနိုင်တယ်။ ဒါကြောင့် ရေလုပ်ငန်းသဘောသဘာဝအရရော လုပ်ငန်းခွင်လုံခြုံရေးအရပါ မိုးရာသီမှာ ငါးဖမ်းဆီးခွင့် ပိတ်ထားသင့်ပါတယ်" ဟု ရေလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

၂၀၂၁ ခုနှစ် ငါးဖမ်းရာသီကို မေ၊ ဇွန်နှင့်ဇူလိုင်လများအဖြစ်သတ်မှတ်ခဲ့ပြီး၊ ဩဂုတ်လမှစတင်ကာ ငါးဖမ်းရာသီပြန်ဖွင့်ခဲ့ရာ မိုးရာသီလှိုင်းလေများကြား ငါးဖမ်းလှေငယ်များနှင့် ရာသီအလိုက် လုပ်ကိုင်ရသည့်လုပ်ငန်းများ အခက်တွေ့ခဲ့ရကြောင်းသိရသည်။

**Source:** https://news-eleven.com/article/223338

## ထိုင်းနိုင်ငံသစ်သီးတင်သွင်းရန် နယ်ခြားဂိတ်တစ်ခု တရုတ်နိုင်ငံပြန်ဖွင့်ပေး

တရုတ်နိုင်ငံက Guangxi Zhuang ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသရှိ တရုတ်နယ်စပ်ဂိတ် Ping Xiang မှတစ်ဆင့် ထိုင်းသစ်သီးအမျိုးမျိုးတို့ကို ရထားဖြင့် တင်သွင်းခြင်းကို ဇန်နဝါရီလ ၄ ရက်တွင် စတင်ဖွင့်ပေး လိုက်သည်။



တရုတ်နိုင်ငံသည် သစ်သီးအမျိုးမျိုးအပါအဝင် စိုက်ပျိုးရေး ထုတ်ကုန်များမှတစ်ဆင့် Covid-19 ပြန့်ပွားခြင်းကိုကာကွယ်ရန် ဗီယက်နမ်နယ်စပ်ရှိ Donxing စစ်ဆေးရေးဂိတ်ကို ပိတ်ထားသည်။ စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ခွင့်မရတော့သဖြင့် စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီး Chalermchai Sri-on က ထိုင်းနိုင်ငံရှိ တရုတ်သံအမတ်နှင့်တွေ့ဆုံကာ မည်သို့ဖြေရှင်းပေးနိုင်မည်ကို အကြံဉာဏ်တောင်းခံခဲ့သည်။ ထိုသို့တွေ့ဆုံမှုရလဒ်အဖြစ် တရုတ်အာဏာပိုင်များက ထိုင်းသစ်သီးများကို တရုတ်နိုင်ငံသို့ ရထားဖြင့်တင်ပို့နိုင်ရန် Ping Xiang ဖွင့်ပေးမည့် ကတိကဝတ်ကို ရရှိခဲ့ခြင်းဖြစ်သည်။

Donxing စစ်ဆေးရေးဂိတ် ပိတ်ထားခြင်းကြောင့် ထိုင်းမှတင်ပို့မည့် ဒူရင်းသီးများနှင့် ကနစိုသီးများ နယ်စပ်တွင် သောင်တင်နေသည်။ သစ်သီးတင်ပို့မည့်သူများသည် ယာဉ်မောင်းများအပါအဝင် သစ်သီးများတွင် Covid-19 ဗိုင်းရပ်စ်ကင်းစင်အောင် အထူးဂရုပြုရန် ထိုင်းအစိုးရက ညွှန်ကြားထားသည်။ အကယ်၍ သစ်သီးများတွင် Covid-19 ဗိုင်းရပ်စ်တွေ့ရှိပါက နယ်စပ်ဂိတ်ကို ချက်ချင်းပြန်ပိတ်မည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနတို့မှ ထုတ်ပြန်သောအချက်အလက်များအရ ထိုင်းသစ်သီး တန်ချိန် ၂ သန်း၊ တန်ဖိုးအားဖြင့် ဘတ် ၁၄၈ သန်းဖိုးကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း တင်ပို့နိုင်ခဲ့သည်။

**Source: bangkokpost.com**

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/4191-ping-xiang.html

## တရုတ်နှင့်ဟောင်ကောင်သို့ သီရိလင်္ကာနိုင်ငံမှ ပို့ကုန်သိသိသာသာကျဆင်းသွား

သီရိလင်္ကာမှ တရုတ်နှင့်ဟောင်ကောင်သို့ တင်ပို့မှုသည် ၂၀၂၀ပြည့်နှစ်မှစတင်၍ သိသိသာသာကျဆင်းသွားခဲ့သည်။ လက်ဖက်ခြောက်တင်ပို့မှုအပါအဝင် သီရိလင်္ကာနိုင်ငံနှင့် တရုတ်ကုန်သွယ်မှုသည် ၂၀၂၀ ပြည့်နှစ်တွင် တဖြည်းဖြည်း ကျဆင်းလာကြောင်းက Sunday Times တွင် ကပိလဘန်ဒရာက ရေးသားခဲ့သည်။ သီးခြားအားဖြင့် ကမ္ဘာ့ထိပ်တန်းကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုစင်တာဖြစ်သည့် ချမ်းသာကြွယ်ဝသော ဟောင်ကောင်နှင့်နှစ်နိုင်ငံကုန်သွယ်မှုသည် နည်းပါးသွားပြီး ၂၀၂၀ ပြည့်နှစ် အထိ ၅ နှစ်အတွင်း သိသိသာသာကျဆင်းသွားခဲ့သည်။

သီရိလင်္ကာမှ တရုတ်သို့တင်ပို့မှုသည် ၂၀၁၉ ခုနှစ်တွင် ဒေါ်လာ ၂၂၉ ဒသမ ၀၆ သန်းရှိရာမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂၂၃ သန်းသို့ကျဆင်းသွားပြီး ၂၀၁၈ ခုနှစ်တွင် ဒေါ်လာ ၂၃၀ ဒသမ ၅၉ သန်းမှ ကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်း သီရိလင်္ကာအကောက်ခွန်၊ သီရိလင်္ကာဗဟိုဘဏ်နှင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့၏ အချက်အလက်များကဖော်ပြနေကြောင်း Sunday Times က ဖော်ပြခဲ့သည်။

သီရိလင်္ကာ၏ စုစုပေါင်းကုန်သွယ်မှုတွင် အမေရိကန်က ၂၄ ဒသမ ၉ ရာခိုင်နှုန်း၊ ဗြိတိန်က ၉ ဒသမ ၀၆ ရာခိုင်နှုန်းနှင့် ဂျာမနီက ၅ ဒသမ ၆၈ ရာခိုင်နှုန်းရှိပြီး တရုတ်က ၂၀၂၀ ပြည့်နှစ်တွင် ၂ ဒသမ ၂၂ ရာခိုင်နှုန်းသာရှိခဲ့သည်။ သီရိလင်္ကာ၏ တရုတ်နှင့်အကြီးမားဆုံးကုန်သွယ်မှု မညီမျှမှုသည် ၂၀၂၀ ပြည့်နှစ်တွင် အနုတ်လက္ခဏာပြခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၅ ဘီလီယံရှိခဲ့သည်။

တရုတ်က သီရိလင်္ကာမှတင်သွင်းသည့် ကုန်စည်တန်ဖိုး ဒေါ်လာ ၂၂၃ သန်းသာရှိပြီး တရုတ်မှတင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၇ ဘီလီယံအထိ မြင့်တက်လာခဲ့သည်။ သီရိလင်္ကာသို့ ဟောင်ကောင်၏ ကုန်ပစ္စည်းတင်ပို့မှုသည် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ၁၀ ဒသမ ၃ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၅၁၁ ဒသမ ၇သန်း မှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၄၃၁ ဒသမ ၁ သန်းသို့ ကျဆင်းသွားခဲ့သည်။

**Source:** https://mizzimaburmese.com/article/95619

## ကြက်သားတင်သွင်းမှု မလေးရှားနိုင်ငံ ၃ လ ခွင့်ပြု



မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့်စားသောက်ကုန်လုပ်ငန်း ဝန်ကြီးဌာန Agriculture and Food Industry Ministry (MAFI) က အေးခဲကြက်သားများကို ထိုင်းနှင့်တရုတ်နိုင်ငံများမှ တင်သွင်းခွင့်ကို ယာယီအားဖြင့်ခွင့်ပြုလိုက်ပါတယ်။ နိုင်ငံအတွင်း ကြက်သားဖူလုံပြီး ကြက်သားဈေးနှုန်း တည်ငြိမ်သွားတဲ့အခါ တင်သွင်းခွင့် ရပ်ဆိုင်းမှာဖြစ်တယ်လို့ စိုက်ပျိုးရေးနှင့်စားသောက်ကုန်လုပ်ငန်း ဝန်ကြီး Datuk Seri Ronald Kiandee က ပြောကြားပါတယ်။ မလေးရှားနိုင်ငံမှာ ကြက်သားဈေးမြင့်တက်နေပြီး မလုံမလောက်ဖြစ်နေတဲ့အတွက် ဈေးကျစေဖို့နဲ့ ဖူလုံဖို့အတွက် ယခုလို ပြည်ပမှယာယီတင်သွင်းခွင့်ပေးလိုက်တာ ဖြစ်ပါတယ်။

ကုမ္ပဏီအတော်များများကို ကြက်သားတင်သွင်းခွင့် ပေးထားပြီးပြီဖြစ်ပြီး တစ်လလျှင် စုစုပေါင်း အေးခဲကြက်သားမက်ထရစ်တန် ၁၀,၀၀၀ (ကြက်သားကောင်ရေ ၅.၅ သန်းခန့်) အထိ ခွင့်ပြုပေးထားတယ်လို့ ၎င်းကပြောကြားပါတယ်။ လောလောဆယ် ထုတ်ပြန်ထားတဲ့ ခွင့်ပြုမိန့်က ၃ လသက်တမ်းဖြစ်ပြီး၊ ၂၀၂၁ ဒီဇင်ဘာလမှ ၂၀၂၂ ဖေဖော်ဝါရီလအထိဖြစ်ပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/4189-chicken-imports-a-temporary-measure.html

## ဂျာမနီနိုင်ငံ၏ စားသုံးသူကာကွယ်ရေးလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုများ

ဂျာမနီနိုင်ငံတွင် Federal Ministry of Justice and Consumer Protection(BMJV) သည် စားသုံးသူ ကာကွယ်ရေး လုပ်ငန်းရပ်များအတွက် ဥပဒေပြုရေး၊ မူဝါဒချမှတ်ရေး၊ အကြံပြုချက်များ ပံ့ပိုးပေးခြင်းတို့ကို အဓိကဆောင်ရွက်သည့် ဝန်ကြီး ဌာနဖြစ်ပါသည်။ နိုင်ငံတွင်း အခြားဝန်ကြီးဌာနများ၏ ဥပဒေချမှတ်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဥပဒေကဏ္ဍ တစ်ရပ်လုံးနှင့် ကိုက်ညီစွာဆောင်ရွက်ခြင်းရှိမရှိကို စစ်ဆေးအကဲဖြတ်သည့် ဌာနတစ်ခုအဖြစ်ဆောင်ရွက်ပြီး စားသုံးသူများ အတွက် လုံခြုံမှု ရှိရေးနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရရှိရေးတို့ကိုလည်း ရည်ရွယ်ချက်ထားရှိဆောင်ရွက်ပါသည်။ လုပ်ငန်းရှင်များနှင့် စားသုံးသူများ အကြား ကွာဟမှုနည်းပါးစေရန် ကုန်စည်နှင့်ဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်မှုတွင် ပွင့်လင်းမြင်သာရှိမှု၊ အချက်အလက် ကောင်းမွန်ပြည့်စုံမှု၊ နှိုင်းယှဉ်နိုင်မှုစသည်တို့ သေချာမှုရှိစေရန်တို့ကို ဦးတည်ဆောင်ရွက်ပါသည်။ စားသုံးသူဈေးကွက်တွင် လုံခြုံစိတ်ချမှုရှိသော ပတ်ဝန်းကျင်တစ်ခုကိုဖန်တီးနိုင်ပြီး လိမ်ညာလှည့်စားမှုများကို ကာကွယ်တားဆီးနိုင်သည့် စည်းမျဉ်း စည်းကမ်းများကိုချမှတ်ထားရှိပါသည်။ ထို့အပြင် stakeholders များအကြား တွေ့ဆုံဆွေးနွေးမှုများနှင့် စားသုံးသူသတင်း အချက်အလက်နှင့် အသိပညာပေးမှုများကို တိုးမြှင့်ဆောင်ရွက်ပေးပါသည်။

ဝန်ကြီးဌာနတွင် Consumer Policy ဌာနကို ညွှန်ကြားမှုဦးစီးဌာနတစ်ခုအနေဖြင့် ဖွဲ့စည်းထားပြီး စားသုံးသူ အခွင့်အရေးများအတွက် ဥပဒေပိုင်းနှင့် ကုန်သွယ်စီးပွားရေးနယ်ပယ်ပိုင်းတို့တွင် အကာအကွယ်ပေးရေးကို ဦးစားပေး ဆောင်ရွက်ပါသည်။ ဦးစားပေးနယ်ပယ်များအနေဖြင့် သတင်းအချက်အလက်ကဏ္ဍ၊ ငွေကြေးဝန်ဆောင်မှု၊ စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ကျန်းမာရေးနှင့်လူမှုရေး ဝန်ဆောင်မှုကဏ္ဍများတို့ဖြစ်ပြီး စားသုံးသူသတင်းအချက်အလက်များ၊ အသိပညာပေးမှုများ၊ စားသုံးသူသုတေသနလုပ်ငန်းများနှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို အတည်ပြုလိုက်နာ ဆောင်ရွက်နိုင်ရေးတို့အတွက်လည်း အဓိကဦးတည်ဆောင်ရွက်ပါသည်။ ထို့ပြင် ဈေးကွက်တွင် စားသုံးသူကာကွယ်ရေး လုပ်ငန်းများထိရောက်စွာဆောင်ရွက်နိုင်ရန် ဥရောပကော်မရှင် စားသုံးသူကာကွယ်ရေးအကောင်အထည်ဖော်ရေး အက်ဥပဒေ (EC Consumer Protection Implementing Act)၊ စားသုံးသူမူဝါဒအစီရင်ခံစာ(Consumer Policy Report) နှင့် ကျန်းမာရေး ဆိုင်ရာ စားသုံးသူသတင်းအချက်အလက်များအက်ဥပဒေ (the Act for the Improvement of Health-related Consumer Information) များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လည်း တာဝန်ယူဆောင်ရွက်ပါသည်။ ထို့အတူ ဂျာမနီ

နိုင်ငံ၏ အဓိကထုတ်ကုန်များကို စစ်ဆေးသည့်အဖွဲ့အစည်းတစ်ခုအနေဖြင့်လည်းကောင်း၊ ဂျာမန်စားသုံးသူရေးရာအဖွဲ့အစည်းများ၏ ဖက်ဒရေးရှင်းတစ်ခုအနေဖြင့်လည်းကောင်း တာဝန်ယူဆောင်ရွက်ပါသည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း များမှတဆင့် စားသုံးသူရေးရာမူဝါဒပိုင်းတွင် ကမ္ဘာ့အနှံ့ချိတ်ဆက်မှုများကိုလည်း ပြုလုပ်ဆောင်ရွက်ပါသည်။ Consumer Policy ဌာနသည် ဝန်ကြီးဌာန၏ သုတေသနပိုင်းဆိုင်ရာ ကိုယ်စားလှယ်အနေနှင့်သာမက ဖက်ဒရယ်အစိုးရ၏ သုတေသနလုပ်ငန်းရပ်များနှင့် ဥရောပဆိုင်ရာ သုတေသနလုပ်ငန်းအစီအစဉ်များတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းမှတဆင့် နိုင်ငံအတွင်း ရေရှည်တည်တံ့ရေး၊ လူမှုရေးဆိုင်ရာ တာဝန်ယူဆောင်ရွက်မှု၊ မြို့ပြလူ့အဖွဲ့အစည်းနှင့် လူဦးရေစာရင်းအင်းစသည်တို့တွင်လည်း ပါဝင်ဆက်သွယ်ဆောင်ရွက်ခြင်းပြုလုပ်လျက်ရှိပါသည်။

***ဥပဒေပိုင်းဆိုင်ရာပြဋ္ဌာန်းချမှတ်ဆောင်ရွက်မှုများ***

ဂျာမနီနိုင်ငံတွင် consumer protection နှင့်ပတ်သက်၍ သီးခြားသတ်မှတ်၍ အက်ဥပဒေရေးဆွဲခြင်းများမရှိဘဲ သက်ဆိုင်ရာကဏ္ဍများအလိုက် အက်ဥပဒေများတွင် consumer protection ဆိုင်ရာလိုက်နာ ဆောင်ရွက်ရမည့်အချက်များကို ထည့်သွင်းဖော်ပြထားလေ့ရှိပါသည်။ အရေးပါသော consumer protection စည်းမျဉ်းများကို German Civil Code(BGB)တွင် ပါဝင်ဖော်ပြထားပြီး ကြော်ငြာခြင်းဆိုင်ရာလုပ်ငန်းများအတွက် the act against unfair competition တွင် လည်းကောင်း၊ ဈေးကွက်ယှဉ်ပြိုင်မှုများအတွက် the act against restraints of competition တွင် လည်းကောင်းထည့်သွင်းရေးဆွဲထားကြောင်း၊ ထို့အတူ အခြားသီးခြားပြဋ္ဌာန်းထားသောဥပဒေစည်းမျဉ်းများတွင်လည်း စားသုံးသူကာကွယ်ရေးအတွက် (ဥပမာ- စားသောက်ကုန်၊ ခရီးသွားလာခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုစသည်) ထည့်သွင်း ပါဝင်ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

အီးယူအနေဖြင့် အဖွဲ့ဝင်နိုင်ငံများတွင် စားသုံးသူကာကွယ်ရေးဆိုင်ရာစံနှုန်းသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ထားရှိပြီး ဂျာမနီနိုင်ငံသည်လည်း ဥပဒေချမှတ်မှုများကို အီးယူနည်းလမ်းများအတိုင်းဆောင်ရွက်ပါသည်။ ဂျာမနီနိုင်ငံတွင် ဗဟိုဌာန သို့မဟုတ် Consumer Protection Agency သီးခြားဖွဲ့စည်းထားခြင်းမရှိဘဲ စားသုံးသူများက မိမိအခွင့်အရေးများကို လက်ခံအတည်ပြုလာစေရေး ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ Federal Ministry of Justice and Consumer Protection သည် The Act on the enforcement of consumer protection အရ လိုက်နာဆောင်ရွက်မှုမရှိသည်များကိုကြီးကြပ်၍ စုံစမ်းစစ်ဆေးခြင်း၊ သတင်းအချက်အလက်များရယူခြင်း၊ အတည်ပြုဆောင်ရွက်ခြင်းတို့ကိုလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိပါသည်။

ကဏ္ဍအလိုက် သီးခြားစားသုံးသူဆိုင်ရာ Authorities များဖြစ်သည့် Federal financial supervisory authority, Federal Institute for occupational safety and health, Federal office of consumer protection and food safety, Federal Network agency for electricity, gas, telecommunications, post and railway တို့ကို ဖွဲ့စည်းထားရှိပြီး စားသုံးသူကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာခြင်းအား စောင့်ကြည့်လေ့လာခြင်းပြုလုပ်ပါသည်။ ထို့ပြင် ဖက်ဒရယ်ပြည်နယ်များက ပံ့ပိုးမှုပေးထားသည့် ပုဂ္ဂလိကအသင်းအဖွဲ့များအနေနှင့်လည်း စားသုံးသူ ကာကွယ်ရေးဆိုင်ရာဥပဒေများကို လုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်လာစေရန် ပြုလုပ်နိုင်ပါသည်။ ဥပမာ- သာတူညီမျှမှုမရှိသော၊နားလည်မှုလွဲမှားစေသော ကြော်ငြာများ ထည့်သွင်းခြင်းကို the act against unfair competition အရ ကန့်သတ်နိုင်ခြင်းဖြစ်သည်။

***ကုန်စည်နှင့်ဝန်ဆောင်မှုများဆိုင်ရာသတ်မှတ်ဆောင်ရွက်မှု***

German Civil Code အရ စားသုံးသူများက ဝယ်ယူသည့်ပစ္စည်းသည် သတ်မှတ်အရည်အသွေးအတိုင်းဖြစ်ပါက အပြစ်အနာအဆာကင်းရန်လိုအပ်ပြီး ကိုက်ညီမှုမရှိပါက အသုံးပြုရန်သင့်တော်မှုရှိခြင်း သို့မဟုတ် တူညီသည့် အရည်အသွေးရှိရန်တို့လိုအပ်သည်။ အကယ်၍ (၆)လအတွင်း အပြစ်အနာအဆာတွေ့ရှိပါက ဝယ်ယူစဉ်ကပင်ပါရှိခဲ့သည်ဟု မှတ်ယူမည်ဖြစ်ပြီး စားသုံးသူဘက်က ပြန်လည်ပြင်ဆင်ခြင်း(သို့မဟုတ်)အစားထိုးရယူခြင်းကို တောင်းဆိုနိုင်ကာ အကယ်၍ ထိုသို့မပြုလုပ်ပေးနိုင်ပါက မူလသဘောတူညီမှုကိုရုပ်သိမ်းခြင်း(သို့မဟုတ်)ဈေးနှုန်း လျှော့ပေးခြင်းပြုလုပ်ပေးနိုင်သည်။ စားသုံးသူများသို့ ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ အဓိကအချက်အလက်များ၊ ရောင်းသူအမည်၊ ပို့ဆောင်မည့်အချိန်၊ ပျက်ကွက်မှုရှိပါက စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေးစသည်တို့ ပံ့ပိုးပေးရန်လိုအပ်ပါသည်။ စားသုံးသူများက အွန်လိုင်းအပါအဝင် ပစ္စည်းဝယ်ယူသဘောတူညီမှုများ၊ Loan agreement များအတွက် အများဆုံး (၁၄)ရက်အတွင်း ပြန်လည်ရုပ်သိမ်းနိုင်ခွင့်ရှိသော်လည်း သီးသန့်

မှာယူထားသောပစ္စည်းများ၊ ပုတ်သိုးလွယ်သောပစ္စည်းများ၊ ရွေးချယ်ထားပြီးသောပစ္စည်းများ၊ သတင်းစာ၊ မဂ္ဂဇင်းများ၊ ဈေးနှုန်းအပြောင်းအလဲမြန်သော ပစ္စည်းများအားပြုလုပ်ခွင့်မရှိပေ။

ကုန်စည်နှင့်ဝန်ဆောင်မှုများလုံခြုံစိတ်ချမှုအတွက် အက်ဥပဒေအမျိုးမျိုးဖြင့်သတ်မှတ်ပြဋ္ဌာန်းထားပြီး အရေးပါဆုံးမှာ Act on Product Safety (Prod SG)ဖြစ်ပြီး EU Directives အများစုမှာ Prod SG ဖြင့် ပုံဖော်ဖွဲ့စည်းထားပါသည်။ Prod SG အရ ထုတ်လုပ်သူ၊ တင်သွင်းသူ၊ ဖြန့်ဖြူးသူများသည် ဈေးကွက်တွင် စားသုံးသူများ၏ ကျန်းမာရေးနှင့်လုံခြုံရေးလိုအပ်ချက်များအရ လုပ်ဆောင်ရန်ဖြစ်ပြီး လုံခြုံစိတ်ချမှုပိုင်းများတွင် ပျက်ကွက်မှုရှိလျှင် ယူရို ၁ သိန်းအထိ ဒဏ်ငွေတပ်နိုင်ကာ သီးခြားတာဝန်ရပ်များအား ဖောက်ဖျက်မှုရှိလျှင် ထောင်ဒဏ် တစ်နှစ် သို့မဟုတ် ဒဏ်ငွေချမှတ်နိုင်ပါသည်။ ထို့ပြင် ထုတ်လုပ်တင်သွင်းသူများသည် ထုတ်ကုန်တွင် ကျန်းမာရေးနှင့်လုံခြုံစိတ်ချမှုပိုင်း အန္တရာယ်တစ်ခုခုရှိလျှင် ဈေးကွက်အနီးကပ်ကြီးကြပ်သူ အာဏာပိုင်များသို့ အကြောင်းကြားခြင်း၊ ကာကွယ်နိုင်သောနည်းလမ်းများ အသိပေးရမည်ဖြစ်ပြီး အာဏာပိုင်များက Federal Institute for occupational safety and health သို့ ဆက်လက်အကြောင်းကြားဆောင်ရွက်မည်ဖြစ်ပါသည်။ စားသုံးသူကျန်းမာရေးဆိုင်ရာအတွက် Food and Commodity Act, Medical Products Act တို့အရလည်း စည်းမျဉ်းများစွာချမှတ် ထားရှိပါသည်။

Act against unfair competition အရ စီးပွားရေးလုပ်ငန်းများအတွက် ကန့်သတ် ထိန်းချုပ်မှုများ အထူးသဖြင့် နားလည်မှုလွဲစေသော နှိုင်းယှဉ်မှုများသော ကြော်ငြာခြင်းများ မပြုလုပ်ရန်ဖြစ်ပြီး Business to Consumer (B2C) နှင့် Business to Business(B2B) နှစ်မျိုးလုံးအတွက် ချမှတ်ထားရှိကာ စည်းမျဉ်းအများစုမှာ B2B တွင် ပိုမိုအသုံးပြုပါသည်။ Act against restraints of competition သည် စားသုံးသူကာကွယ်ရေးကို တိုက်ရိုက် (သို့)သွယ်ဝိုက် ကာကွယ်ပေးထားပြီး ဈေးကွက်တွင် Anti-Competitive စည်းမျဉ်းများချမှတ်၍ ခိုင်မာသော ဈေးကွက်ကို ဖော်ဆောင်နိုင်ရန်ဆောင်ရွက်ပေးပါသည်။ Act on enforcement of consumer protection အရ သတ်မှတ်ချက်များလိုက်နာခြင်းမရှိပါက ယူရို (၁၀၀၀၀)နှင့် ProdSG အရ စစ်ဆေးမှုများကို လိုက်နာမှုမရှိပါက ထောင်ဒဏ် ၁နှစ် ချမှတ်နိုင်ပါသည်။

**စားသုံးသူအချက်အလက်များထိန်းသိမ်းခြင်း**

Federal Cartel Office ကို စားသုံးသူကာကွယ်ရေးဆိုင်ရာ ကဏ္ဍအလိုက် စုံစမ်းစစ်ဆေးမှုများအတွက် တာဝန်ပေးအပ်ထားပါသည်။ စားသုံးသူ(သို့) စီးပွားရေးလုပ်ငန်းများအတွက် တိုင်ကြားမှုလုပ်ငန်းစဉ်ကို သီးခြားရေးဆွဲသတ်မှတ်ထားခြင်းမရှိဘဲ Federal Cartel Office သို့ အလွတ်သဘောတင်ပြနိုင်ပါသည်။ Public enforcement ဥပမာတစ်ခုမှာ TV broadcasting တစ်ခုအား စားသုံးသူများသို့ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းကြော်ငြာအတွက် ဖုန်းခေါ်ဆိုမှုများ ကြိမ်ဖန်များစွာပြုလုပ်ခြင်းအပေါ် Federal Network Agency က ယူရို (၂၅၀၀၀၀)ဒဏ်ငွေချမှတ်ခြင်းရှိခဲ့ပါသည်။ မကြာသေးမီကပင် Federal Cartel Office သည် Competition Lawတွင် စားသုံးသူ ကာကွယ်ရေးလုပ်ငန်းရပ်များကို (ဥပမာ- Facebook data collection လုပ်ငန်းများ) များစွာဦးတည် ထည့်သွင်းဆောင်ရွက်လာသည်။ စားသုံးသူများ၏ အချက်အလက်များထိန်းသိမ်းခြင်းစည်းမျဉ်းများအတွက် Federal Cartel Office က အရေးယူဆောင်ရွက်သည့် ဥပမာအချို့မှာ မကြာသေးမီက Facebookကို User data များ ကောက်ယူ၍ Data protection စည်းမျဉ်းများကို ချိုးဖောက်၍ စားသုံးသူများကို ထိခိုက်စေကြောင်း ဆုံးဖြတ်ခြင်းအပေါ် Facebookက ပြန်လည်တောင်းပန်ခြင်းပြုလုပ်ခဲ့ရာ Dusseldort Higher Regional Court က ခွင့်ပြုပေးခဲ့ပြီး Federal Court of Justice က ပြန်လည်ဆုံးဖြတ်မည်ဖြစ်ပါသည်။ အလားတူ Telecom Provider 1&1 အား hotline call ပြုလုပ်သူများ၏ personal data များဖော်ပြခြင်းအပေါ် ယူရိုငွေ (၁၀)သန်း ဒဏ်ငွေချမှတ်ခဲ့ပါသည်။ Electric vehicles များအတွက် Charging Infrastructure များမှာ သီးခြား Energy Law များအောက်တွင် သတ်မှတ်ထားခြင်းမရှိ၍ Anti-trust Law ဖြင့် ဖြစ်နိုင်ချေရှိသည့်ယှဉ်ပြိုင်မှုအတားအဆီးများကို ကုစားခြင်းရှိလာနိုင်ခြင်းနှင့်၊ဝန်ဆောင်မှုပိုင်းများတွင် messenger သုံးစွဲသူများ၏ data protection ပိုင်းနှင့်ဆက်သွယ်ပြောဆိုမှုများ လုံခြုံမှုအပိုင်းများအတွက် စုံစမ်းစစ်ဆေးမှုများကို စတင်ထားရှိပါသည်။ အီးယူ၏ Data protection rule(GDPR)ကိုလည်း ၂၀၁၈ ခုနှစ်တွင် စတင်ချမှတ်ခဲ့ပြီး စားသုံးသူများ၏ Personal data ကောက်ယူခြင်းများအတွက် စည်းမျဉ်းများချမှတ်၍ ကာကွယ်မှုပြုလုပ်ပေးထားပါသည်။

German Consumer Authority များသည် Investigation နှင့် Enforcement အတွက် အဓိကဆောင်ရွက်ပြီး စားသုံးသူကာကွယ်ရေးစည်းမျဉ်း ဖောက်ဖျက်မှုများအတွက် စားသုံးသူများဘက်ကသာ ဖော်ထုတ်တိုင်ကြားရမည်ဖြစ်သည်။ Prod SG ရှိ

Specific Act များအရ အာဏာပိုင်များက သက်ဆိုင်ရာအချက်အလက်များတောင်းခံခြင်း၊စစ်ဆေးခြင်း၊ လုပ်ငန်းခွင်အတွင်း ဝင်ရောက်စစ်ဆေးခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ Unfair Competition Rules များကို ဖောက်ဖျက်ခြင်းရှိပါက စားသုံးသူများက တိုက်ရိုက်တိုင်ကြားခြင်း သို့မဟုတ် သဘောတူညီမှုများကို ပယ်ဖျက်ခြင်းတို့ပြုလုပ်နိုင်သလို လုပ်ငန်းရှင်များသို့ နှစ်စဉ်လည်ပတ်ငွေ၏ ၄ ရာခိုင်နှုန်းအထိ ဒဏ်ငွေချမှတ်နိုင်မည်ဖြစ်သည်။ ဥရောပသမဂ္ဂအနေဖြင့် New Deal for Consumers ကို ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင်အတည်ပြုခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများက စားသုံးသူကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

**Sources: –**

**(1)** https://iclg.com/practice-areas/consumer-protection-laws-and-regulations/germany

**(2)** https://www.bmjv.de/EN/Home/home_node.html

**သီတာဝင်းဌေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘာလင်မြို့)**

## အိန္ဒိယနိုင်ငံ၌ တိုက်ရိုက်ရောင်းချခြင်း နည်းဥပဒေများထုတ်ပြန်

အိန္ဒိယနိုင်ငံအစိုးရ၏ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာနသည် ၂၈-၁၂-၂၀၂၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် G.S.R. 889(E) ဖြင့် ၂၀၂၁ ခုနှစ် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ တိုက်ရိုက်ရောင်းချခြင်း နည်းဥပဒေများ (Consumer Protection (Direct Selling) Rules, 2021) ကို ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါနည်းဥပဒေများ၌ တိုက်ရိုက်ရောင်းချခြင်းလုပ်ကိုင်သည့် ကုမ္ပဏီများနှင့် ၎င်းတို့၏ အရောင်းကိုယ်စားလှယ်များအနေဖြင့် ပိရမစ်ပုံစံရောင်းချခြင်း သို့မဟုတ် အဖွဲ့ဝင်သစ်စုဆောင်းမှုဖြင့် ငွေကြေးလည်ပတ်မှုပြုလုပ်ခြင်းကို လုပ်ကိုင်ဆောင်ရွက်မှုမပြုရန် တားမြစ်ထားကြောင်း၊ တိုက်ရိုက်ရောင်းချမှု လုပ်ကိုင်သူများသည် ပြည်တွင်း၌ အနည်းဆုံးအားဖြင့် တည်နေရာလိပ်စာတစ်ခုတွင် မှတ်ပုံတင်၍ ရုံးခန်းဖွင့်လှစ်ထားရှိရမည်ဖြစ်ကြောင်း၊ အဆိုပါကုမ္ပဏီများသည် ၎င်းတို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုများကိုရယူသည့် စားသုံးသူများ၏ နစ်နာမှုနှင့်တိုင်ကြားလာသည့် ကိစ္စရပ်များအပေါ် ကိုင်တွယ်ဖြေရှင်းမည့် စနစ်တစ်ရပ်အား ထူထောင်ထားရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် ၎င်းတို့၏ အရောင်းကိုယ်စားလှယ်များမှ ရောင်းချသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများမှ ဖြစ်ပေါ်လာသော စားသုံးသူများ၏နစ်နာမှုကိုလည်း တာဝန်ခံရမည်ဖြစ်ကြောင်း၊ စားသုံးသူများ ၏ အခွင့်အရေးများ လုံခြုံစိတ်ချရမှုရှိစေရန်အတွက် တိုက်ရိုက်ရောင်းချမှုလုပ်ကိုင်သည့် ကုမ္ပဏီများသည် ၎င်းတို့ရောင်းချသော ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းများ၊ ငွေပေးချေရမည့် ကာလ၊ ငွေပေးချေမှုနည်းလမ်း၊ ကုန်စည်ပြန်လည်အပ်နှံမှု၊ ကုန်ပစ္စည်းလဲလှယ်မှု၊ ငွေပြန်အမ်း ပေးမည့်မူဝါဒ၊ ရောင်းချပြီးနောက်ပိုင်း၌ ဝန်ဆောင်မှုပေးမည့်စနစ် စသည့် အသေးစိတ်အချက်များကို အသိပေးဖော်ပြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကုမ္ပဏီများသည် တိုက်ရိုက်ရောင်းချပေးသည့် ကိုယ်စားလှယ်များနှင့် အရောင်းစာချုပ် ချုပ်ဆိုရမည်ဖြစ်ပြီး ၎င်းတို့ကုမ္ပဏီ၏ ကိုယ်စားလှယ်ဖြစ်ကြောင်း အသိအမှတ်ပြု သက်သေခံကတ်ပြားကို တည်နေရာလိပ်စာနှင့်တကွ ထုတ် ပေးထားရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံရှိ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အစိုးရအဖွဲ့များအနေဖြင့် တိုက်ရိုက်ရောင်းချမှုလုပ်ကိုင်သည့် ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်ကြပ်မတ်ရန်အတွက် ယန္တရားတစ်ရပ်ကို ထူထောင်ထားရှိရမည်ဖြစ်ပါသည်။ ပြည်တွင်း၌ တိုက်ရိုက်ရောင်းချခြင်းကို လက်ရှိလုပ်ကိုင်နေသော ကုမ္ပဏီများအနေဖြင့် စားသုံးသူရေးရာဝန်ကြီးဌာန၏ အထက်ပါအမိန့်ကြော်ငြာစာအား အစိုးရဂေဇက်၌ ထုတ်ပြန်ဖော်ပြသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း နည်းဥပဒေများနှင့် လျော်ညီမှုရှိအောင် ပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

အိန္ဒိယတိုက်ရိုက်ရောင်းချသူများအသင်း (IDSA) ၌ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အလှကုန်နှင့် တစ်ကိုယ်ရည်ကျန်းမာရေးစောင့်ရှောက်မှု ကုန်စည်များအား တိုက်ရိုက်ရောင်းချမှုလုပ်ကိုင်သည့် Amway India ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌလည်းဖြစ်သူ Mr. Rajat Banerji က ၎င်းတို့အနေဖြင့် တိုက်ရိုက်ရောင်းချမှု လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ လွန်ခဲ့သော ၂ နှစ် ကပင် အစိုးရနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုကဲ့သို့ နည်းဥပဒေများအား ထုတ် ပြန် ပြဋ္ဌာန်းခဲ့မှုမှာ ဈေးကွက်အတွင်း ရှင်းလင်းပြတ်သားမှုကို ဆောင်ကြဉ်းလျက် တိုက်ရိုက်ရောင်းချမှုလုပ်ငန်းနယ်ပယ်အတွက် တွန်းအားပေးမှုကို ဖြစ်ပေါ်စေကြောင်းဖြင့် ပြောဆိုပါသည်။

ကမ္ဘာလုံးဆိုင်ရာ တိုက်ရိုက်ရောင်းချမှုလုပ်ငန်းရှင်များ အဖွဲ့ချုပ် (World Federation of Direct Selling Association) ၏ အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ၌ တိုက်ရိုက်ရောင်းချမှု လုပ်ငန်းပမာဏသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဘီလီယံ (ရူပီးငွေ ကုဋေ ၂၂၅၀၀ ခန့်) ရှိပြီး နှစ်စဉ်တိုးတက်မှုနှုန်း ၂၈.၃% ရှိကြောင်း၊ အမျိုးသမီးဦးရေ ၅၀% ကျော် ပါဝင်သည့် အရောင်းကိုယ်စားလှယ် ၇.၄ သန်းကျော်ရှိသော အိန္ဒိယတိုက်ရိုက်ရောင်းချမှု လုပ်ငန်းနယ်ပယ်သည် ကမ္ဘာပေါ်၌ အလျင်မြန်ဆုံး တိုးတက်လျက်ရှိသော ဈေးကွက်ဖြစ်ကြောင်း သိရှိရပါသည်။

Source: –

1. Direct selling companies banned from promoting pyramid schemes, 29-12-2021, Economic Times

2. Direct-selling companies can't promote pyramid scheme, says govt, 29-12-2021, Business Standard

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## ၂၀၂၁ ခုနှစ် စတုတ္ထသုံးလပတ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှေးကွေးခဲ့ခြင်း

ဘယ်လ်ဂျီယံအမျိုးသားဘဏ် (National Bank of Belgium-NBB) ၏ နောက်ဆုံးရ စာရင်းဇယားများအရ ၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှေးကွေးခြင်းကို ကြုံတွေ့ရလျက်ရှိကြောင်း၊ သို့သော် လာမည့်နှစ်တွင် စီးပွားရေးတိုးတက်မှု ပြန်လည်ရရှိနိုင်မည်ဟု ၎င်းဘဏ်ကမျှော်လင့်ထားကြောင်း သိရပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်း ထောက်ပံ့ရေးကွင်းဆက်တွင် အဟန့်အတားများဖြစ်ပေါ်နေမှု၊ ကုန်ကြမ်းပစ္စည်း မလုံလောက်မှု၊ လုပ်သားရှားပါးမှု ပြဿနာနှင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ စတုတ္ထလှိုင်းကျရောက်မှုတို့ကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ရပ်တန့်လုနီးပါးအခြေအနေသို့ ရောက်ရှိစေခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ဘယ်လ်ဂျီယံအမျိုးသားဘဏ်၏ စာရင်းဇယားများအရ ၂၀၂၁ ခုနှစ်၊ နောက်ဆုံးသုံးလပတ်တွင် ဘယ်လ်ဂျီယံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ (၀.၂) ရာခိုင်နှုန်းသာရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ပထမသုံးလပတ်တွင်လည်း အလားတူ တိုးတက်မှုနှုန်း ခန့်သာရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။ လက်ရှိစီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးနေမှုသည် ယာယီသာဖြစ်နိုင်ကြောင်းနှင့် ၂၀၂၂ ခုနှစ်၊ နွေရာသီကာလခန့်တွင် စီးပွားရေးတိုးတက်မှုကို ပြန်လည်ရရှိလိမ့်မည်ဖြစ်ကြောင်း ဘယ်လ်ဂျီယံ အမျိုးသားဘဏ်၏ စီးပွားရေးပညာရှင် Geert Langenus က ပြောကြားပါသည်။ ၂၀၂၂ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်း (၂.၆) ရာခိုင်နှုန်းရှိနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် (၂.၄) ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် (၁.၆) ရာခိုင်နှုန်းတို့ဖြင့် စီးပွားရေးတိုးတက်နိုင်ကြောင်း ၎င်းဘဏ်ကခန့်မှန်းထားပါသည်။ ဝယ်နိုင်စွမ်းအား(purchasing power) တိုးတက်လာမှုကြောင့် အိမ်ထောင်စုများ၏ သုံးစွဲမှုတိုးတက်လာစေရေးသည် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အရေးပါကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းနှင့်ယှဉ်တွဲနေသည့် လုပ်ခလစာကြောင့် ဝယ်နိုင်စွမ်းအားသည် ၂၀၂၂ ခုနှစ်တွင် (၁.၉) ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ်တွင် (၂.၇) ရာခိုင်နှုန်းသို့ တိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရပါသည်။

၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ အလုပ်အကိုင်ဈေးကွက်၌ သုံးလပတ်တစ်ခုလျှင် ပျမ်းမျှအလုပ်အကိုင်ပေါင်း (၃၀၀၀၀) ခန့်ဖန်တီးပေးထားနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင်မှ သုံးလပတ်တစ်ခုလျှင် ပျမ်းမျှအလုပ်အကိုင်ပေါင်း (၁၀၀၀၀) ခန့်သို့ ပြန်လည်ကျဆင်းဖွယ်ရှိကြောင်းလည်း ခန့်မှန်းထားပါသည်။ ဘယ်လ်ဂျီယံအမျိုးသားဘဏ်၏ Governor ဖြစ်သူ Pierre Wunsch က အစိုးရ၏ဘဏ္ဍာရေးအခြေအနေနှင့်ပတ်သက်၍ သတိပေးပြောကြားထားကြောင်း၊ လာမည့်နှစ်များတွင် အပြောင်းအလဲ မပြုလုပ်နိုင်ပါက ဘတ်ဂျက်လိုငွေပြမှုသည် (၄) ရာခိုင်နှုန်းဝန်းကျင်တွင်ရှိနိုင်သည်ဟု ၎င်းကပြောကြားကြောင်း သိရပါသည်။

**Source:** https://www.vrt.be/vrtnws/en/2021/12/17/economic-growth-at-a-near-standstill-during-the-4th-quar ter/

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

# STOCK EXCHANGE (6.1.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 6th Jan. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | -200 | -2.41% | 8,300 | 8,300 | 8,100 | 580 | 4,752,800 | 33,109,694 | 268,189 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,000 | 1,239 | 3,776,450 | 38,929,150 | 118,734 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,200 | -500 | -18.52% | 2,600 | 2,600 | 2,200 | 450 | 1,010,000 | 12,823,224 | 28,211 |
| EFR | 00006 | 2,900 | +0 | +0.00% | 2,950 | 2,950 | 2,900 | 11 | 32,400 | 19,977,223 | 57,934 |
| AMATA | 00007 | 5,800 | -200 | -3.33% | 6,000 | 6,000 | 5,800 | 40 | 238,000 | 10,497,598 | 60,886 |

## Market summary

As of 6th Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 381.28 | -8.70 | -2.23% | 390.56 | 390.56 | 380.16 | 2,320 | 9,809,650 | 7 | 663,287 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 6th Jan. 2022

| MYANPIX | 381.28 ▼ 8.70 |
|---|---|
| Total Volume (shares) | 2,320 |
| Total Value (MMK) | 10 mil |
| Listed Company | 7 |
| Market Cap. (MMK) | 663,287 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▼ 200 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,200 | ▼ 500 |
| EFR | 00006 | 2,900 | ▲ 0 |
| AMATA | 00007 | 5,800 | ▼ 200 |